# နယူးယောခ်ပြည်နယ် ဖယ်ထားခံရသော အလုပ်သမားများ ရန်ပုံငွေ (EWF)

**ဖယ်ထားခံရသော အလုပ်သမားများ ရန်ပုံငွေ (FWF) ဆိုသည်မှာ 2020 ပြည့်နှစ်၊ မတ်လ 27 ရက်မှ 2021 ခုနှစ်၊ ဧပြီလ 1 ရက်နေ့အတွင်း ဝင်ငွေဆုံးရှုံးပြီး ပြည်နယ်နှင့် ဖက်ဒရယ် အလုပ်လက်မဲ့ သက်သာချောင်ချိရေးမှလည်း ဖယ်ထားခံရသည့် အလုပ်သမားများအတွက် နယူးယောခ်ပြည်နယ်က ဆောင်ရွက်ပေးသည့် တစ်ကြိမ် ငွေပေးချေသည် ထောက်ပံ့ရေး အစီအစဉ်တစ်ခု ဖြစ်ပါသည်။**

## ဖယ်ထားခံရသော အလုပ်သမားဆိုသည်မှာ အဘယ်နည်း။

အောက်ပါအခြေအနေများအားလုံးနှင့် သင် ကိုက်ညီပါက သင်က EWF တွင် အကျုံးဝင်သည့် ဖယ်ထားခံရသော အလုပ်သမား တစ်ဦးဖြစ်ပါသည်-

- နယူးယောခ်ပြည်နယ်တွင် ယခု နေထိုင်နေသူ။
- 2020 ပြည့်နှစ်၊ မတ်လ 27 ရက်နေ့မတိုင်ခင်ကစပြီး နယူးယောခ် ပြည်နယ်တွင် နေထိုင်နေသူ။
- 2020 ပြည့်နှစ်၊ ဖေဖော်ဝါရီလ 23 ရက်မှ 2021 ခုနှစ်၊ ဧပြီလ 1 ရက်နေ့ အတွင်း အောက်ပါ အခြေအနေများကြောင့် သင့်လုပ်ခလစာ သို့မဟုတ် ဝင်ငွေ၏ 50% သို့မဟုတ် ၎င်းနှင့်အထက် ဆုံးရှုံးခဲ့ပါက-
    - COVID ဆက်စပ်အခြေအနေကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်း၊ အလုပ်အကိုင် တစိတ်တပိုင်း ဆုံးရှုံးရခြင်း သို့မဟုတ် အလုပ်မလုပ်နိုင်ခြင်း သို့မဟုတ်
    - အိမ်ထောင်စုအား ရှာကျွေးသူ သို့မဟုတ် အိမ်ထောင်စု၏ အဓိက ဝင်ငွေအရင်းအမြစ် ဖြစ်သူက COVID ကြောင့် သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းခြင်း ဖြစ်ပါက။
- သင်၏ ဝင်ငွေ သို့မဟုတ် လုပ်ခလစာများ မဆုံးရှုံးမီ တစ်ပတ်လျှင် အနည်းဆုံး 15 နာရီ အလုပ်လုပ်သူ။
- ပြည်နယ်အလုပ်လက်မဲ့အာမခံ သို့မဟုတ် ဖက်ဒရယ် ကပ်ရောဂါဆိုင်ရာ အလုပ်လက်မဲ့ ထောက်ပံ့ရေး အစီအစဉ်တွင် အကျုံးဝင်သူ၊ နှင့်
- 2020 ပြည့်နှစ်၊ ဧပြီလ 19 ရက်နေ့မှ 2021 ခုနှစ်၊ ဧပြီလ 19 ရက်နေ့ ကြား $26,208 (စုစုပေါင်း) ဝင်ငွေရရှိခဲ့သူ

မှတ်ချက်-ဖက်ဒရယ် နိုးကြားရေး ရန်ပုံငွေ *(အစိုးရက ပေးသော $600, $1,200,* သို့မဟုတ် *$1,400* စသည့် သက်သာချောင်ချိရေး ပေးငွေများ*)* လက်ခံရရှိမှုသည် ဖယ်ထားခံရသော အလုပ်သမား ရန်ပုံငွေ အကျုံးဝင်မှု အပေါ် သက်ရောက်မှုမရှိပါ။ သင့်အနေဖြင့် နိုးကြားရေး ထောက်ပံ့ငွေ များ ရရှိပါကလည်း ဆက်လက်လျှောက်ထားနိုင်ပါသည်။

## EWF က ဘာတွေပေးသလဲ။

အလုပ်သမားများအနေဖြင့် Tier 1 သို့မဟုတ် Tier 2 အတွက် အရည်အချင်း ပြည့်မီနိုင်မည်လား။

- Tier 1: $15,600 အခွန်မဖြတ်မီ
- Tier 2: $3,200 အခွန်မဖြတ်မီ

မှတ်ချက်-နယူးယောခ်ပြည်နယ်အနေဖြင့် ပြည်နယ်အခွန် အကျိုးအမြတ်မှ 5% ကို ချန်ထားမည်ဖြစ်သည်။ ရန်ပုံငွေ ပေးငွေများသည် ဖက်ဒရယ် အခွန်များအရ လုပ်ဆောင်ခြင်း ဖြစ်သည်။ ကျေးဇူးပြုပြီး အခွန်အကြံပြုချက်ရယူနိုင်ရန် စာရင်းကိုင် သို့မဟုတ် ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးပါ



## ဘယ်လိုလျှောက်ထားရမလဲ။

### လျှောက်လွှာများကို dol.ny.gov/EWF တွင် ရယူနိုင်ပါသည်

- နယူးယောခ်ပြည်နယ် အလုပ်သမား ဌာန (DOL) သို့ အွန်လိုင်းမှတဆင့် လျှောက်ထားရမည်။
- လျှောက်လွှာတင်သွင်းရန်အတွက် မိုဘိုင်းဖုန်း သို့မဟုတ် ကွန်ပျူတာ တစ်ခုကို အသုံးပြုနိုင်ပြီး လျှောက်လွှာကို ဘာသာစကား 13 မျိုးဖြင့် ရနိုင်ပါသည်။
- စာတိုက်လိပ်စာဖြင့် ပေးပို့သော လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ။
- DOL အနေဖြင့် သင့်အား လျှောက်ထားမှုကုန်ကျငွေ တောင်းခံမည် မဟုတ်ပါ။

# မေးလေ့မေးထရှိသော မေးခွန်းများ

## ကျွန်ုပ်အနေဖြင့် လျှောက်ထားရန် မည်သည့်အရာများ လိုအပ်သနည်း။

လျှောက်ထားသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ရေး အထောက်အထား၊ NYS တွင် အခြေချနေထိုင်သူ၊ ကပ်ရောဂါမတိုင်မီ အလုပ်အကိုင်နှင့်လစာ စသည့် အထောက်အထား စာရွက်စာတမ်းများကို လျှောက်လွှာနှင့်အတူ တင်သွင်းရမည်။

- သင့်အနေဖြင့် ကိုယ်ရေးအထောက်အထားနှင့် အခြေချနေထိုင်မှုကို သက်သေပြရန် တူညီသည့် စာရွက်စာတမ်းများကို တင်သွင်းနိုင်ပါသည်
- ကိုယ်ရေးအထောက်အထားအတွက် အနည်းဆုံး စာရွက်စာတမ်း တစ်စောင်နှင့်/သို့မဟုတ် အခြေချ နေထိုင်ခွင့်တွင် သင့်ဓာတ်ပုံပါရှိရမည် (သင်နှင့် တော်စပ်ကြောင်း သက်သေအထောက်အထား ပြနိုင်သည့် စောင့်ရှောက်ပေးသူတစ်ဦး မရှိပါက)
- ကိုယ်ရေးအထောက်အထားအတွက် အနည်းဆုံး စာရွက်စာတမ်း တစ်စောင်နှင့်/သို့မဟုတ် အခြေချ နေထိုင်ခွင့်တွင် သင်၏ မွေးသက္ကရာဇ် ပါရှိရမည်
- စာရွက်စာတမ်းများအားလုံးက အောက်ပါ သတ်မှတ်ချက်များ ပြည့်မီရမည်-
  - Oထုတ်ပေးသည့် အေဂျင်စီက အတည်ပြုထားရမည်
  - Oအခြားမှတ်ချက်များမရှိပါက သက်တမ်းကုန်ဆုံးခြင်း မရှိရ
  - Oအင်္ဂလိပ်ဘာသာစကားဖြင့် သို့မဟုတ် အင်္ဂလိပ် ဘာသာပြန်ဆိုထားသည့် အထောက်အထားတစ်ခု ရှိရမည်
  - Oပုံပျက်ခြင်း သို့မဟုတ်ပျက်စီးခြင်းမရှိရ

## လျှောက်လွှာတင်သွင်းသည့်အခါ ကျွန်ုပ်အား အခြားတစ်ယောက်က ကူညီပေးလို့ရပါသလား။

သင့်အနေဖြင့် လျှောက်လွှာတင်သွင်းရေးအတွက် အကူအညီ လိုအပ်ပါက အကူအညီပေးနိုင်ရန်အလို့ငှာ နယူးယော့ခ်ပြည်နယ်အနေဖြင့် ယုံကြည်ရသည့် အသင်းအဖွဲ့ အခြေပြု အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

- ယုံကြည်ရသည့် အဖွဲ့အစည်းများ စာရင်းအပြည့်အစုံကို သိရှိနိုင်ရန်အတွက် dol.ny.gov/CBOList တွင် ဝင်ရောက်လေ့လာပါ၊ သို့မဟုတ်
- အေးဂျင့်နှင့် စကားပြောရန် 877-EWF-4NYS (877-393-4697) သို့ ခေါ်ဆိုပြီး သင့်အနီးက တည်နေရာကို ရှာပါ။
  - 800-662-1220 TTY/TTD - English
  - 877-662-4886 TTY/TTD – Español

ရိုက်စားများကို ရှောင်ရှားပါ။

- သင့်အနေဖြင့် EWF အကျိုးခံစားခွင့်များကို အလုပ်သမား ဌာန၏ တရားဝင် ဝက်ဘ်ဆိုဒ်မှသာလျှောက်ထားပြီးယုံကြည်ရသည့်အဖွဲ့အစည်းများထံကသာ အကူအညီရယူပါ။
- သင်က EWF အပ်ဒိတ်ပ်များအတွက် စာရင်းသွင်းထား ပါက သို့မဟုတ် EWF အကျိုးခံစားခွင့်များကို လျှောက်ထားပါက DOL အနေဖြင့် သင့်ကိုသာ ဆက်သွယ်မည်ဖြစ်သည်။
- သင့်အနေဖြင့် အမှားအယွင်းကို စိုးရိမ်စရာဖြစ်လာပါက dol.ny.gov/EWF ရှိ တိုင်ကြားစာပုံစံ စာရွက်သုံးပြီးအစီရင်ခံပါ။

## အစီအစဉ်ကမည်မျှကြာမြင့်မည်နည်း။

အစီအစဉ်အတွက် ရန်ပုံငွေများကို အကန့်အသတ်နှင့် ပေးအပ်သွားခြင်းဖြစ်ပြီး ဦးရာလူစနစ်ဖြင့် ဖြန့်ဝေသွားမည် ဖြစ်ပါသည်။

- လျှောက်လွှာများကို လက်ခံရရှိသည့် အစီအစဉ်အတိုင်းဆက်လက် လုပ်ဆောင်ပါသည်။
- ရန်ပုံငွေများအားလုံးကို ခွဲဝေပေးပြီးသည် နှင့်တပြိုင်နက် ရန်ပုံငွေကို ရပ်ဆိုင်းပြီး လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်ကိုလည်းပိတ်သိမ်းသွားမည် ဖြစ်သည်။

## ပေးငွေများကိုမည်သည့်နည်းလမ်းဖြင့် မည်သည့်အချိန်တွင်ထုတ်ပြန်မည်နည်း။

အတည်ပြုခံရသည့် လျှောက်ထားသူများအနေဖြင့် တစ်ကြိမ် ပေးငွေကို လျှောက်လွှာတွင် ဖြည့်သွင်းထားသည့် လိပ်စာသို့ ပေးပို့ထားသော Visa ကြိုတင်ပေးချေကဒ်ဖြင့် လက်ခံရရှိမည် ဖြစ်သည်။

- အဆိုပါကဒ်အနေဖြင့် ATM အသုံးပြုနိုင်ပြီး အမေရိကန်ပြည်ထောင်စုရှိ Visa ဒက်ဘစ်ကဒ်များ လက်ခံသည့် နေရာတိုင်းတွင် အသုံးပြုနိုင်ပါသည်။
- အဆိုပါကဒ်အနေဖြင့် 12 လ သက်တမ်းရှိပြီး ရန်ပုံငွေများမှာ သက်တမ်းကုန်ဆုံးခြင်း မရှိပါ။
- လျှောက်လွှာတင်သည့် နေ့ရက်မှစပြီးရန်ပုံငွေစီမံခန့်ခွဲသူများအနေဖြင့် သုံးသပ်ချက်ကိုလုပ်ဆောင်သွားမည်ဖြစ်ပြီးလုပ်ငန်းစဉ်မှာခန့်မှန်းခြေ ခြောက်ပတ်မှရှစ်ပတ်အထိ ကြာမြင့်နိုင်သည်။

## DOL အနေဖြင့် ကျွန်ုပ်၏ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေး အေဂျင်စီများနှင့် မျှဝေသွားပါမည်လား။

မဟုတ်ပါ။ ICE အပါအဝင် သင့်လျှောက်လွှာ၏ တစိတ်တပိုင်း အဖြစ် မည်သည့်အစိုးရအေဂျင်စီများထံကိုမဆို တင်သွင်းထားသည့် အလုပ်ရှင်များထံက အဆိုပါ အချက်အလက်များနှင့် အခြားမည်သည့်အချက်အလက်ကိုမဆို ထုတ်ဖော်ပြောဆိုခြင်းအတွက် ပြစ်မှုများရှိပါသည်။

- သင့်စာရွက်စာတမ်းများကို အစီအစဉ်အကျုံးဝင်မှု ရှိ/မရှိ ဆုံးဖြတ်ရန် အတွက်သာ အသုံးပြုသွားမည် ဖြစ်ပြီး တရားရေးဆိုင်ရာ အမိန့် သို့မဟုတ် တရားရုံး အမိန့်အရမဟုတ်ပါက လျှောက်လွှာတင်သွင်းသည့် လုပ်ငန်းစဉ်ပြင်ပသို့ မျှဝေသွားမည် မဟုတ်ပါ။

# ကျွုပ်၏ကိုယ်ရေးအထောက်အထားကို မည်သို့သက်သေပြ နိုင်မည်နည်း။

## သင်၏ကိုယ်ရေးအထောက်အထားကို သက်သေပြရန်အတွက် အောက်ဖော်ပြပါ တစ်ခု သို့မဟုတ် တစ်ခု ထက်ပိုသော အချက်အလက်များကို ပေးအပ်ခြင်းဖြင့် စုစုပေါင်း 4 မှတ် သို့မဟုတ် ၎င်းထက် ပိုရဖို့ လိုမည်ဖြစ်သည်-

### 4 မှတ်

- ☐ IDNYC အတည်ပြုကဒ် (2020 သို့မဟုတ် 2021 ခုနှစ်တွင် သက်တမ်းမကုန်သေးသော သို့မဟုတ် သက်တမ်းရှိသော)
- ☐ သက်တမ်းမကုန်သေးသည် နယူးယောခ့်ပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းမဟုတ်သည့် အမှတ်အသားကဒ်
- ☐ သက်တမ်းမကုန်သေးသော အမေရိကန်ပြည်ထောင်စု ပတ်စပို့စ်

### 3 မှတ်

- ☐ အမေရိကန်ပြည်ထောင်စု မဟုတ်ဘဲ အခြားနိုင်ငံတစ်ခုက ထုတ်ပေးသည့် သက်တမ်းမကုန်သေးသည့် ပတ်စပို့စ်
- ☐ နယူးယောခ့်ပြည်နယ် သင်ယူသူ ခွင့်ပြုချက်
- ☐ US စစ်တပ် ID
- ☐ အခြားသော ဖက်ဒရယ်၊ NYS သို့မဟုတ် ဒေသတွင်းအစိုးရက ထုတ်ပေးထားသည့် “မှတ်ပုံတင်ရန် မဟုတ်သော” ဟု ပြထားသည့် ဓာတ်ပုံ ID
- ☐ ကောလိပ်/တက္ကသိုလ် ဓာတ်ပုံ ID အပါအဝင် ပညာရေးအဖွဲ့ အစည်းတစ်ခုက ထုတ်ပေးထားသော ဓာတ်ပုံ ID

### 2 မှတ်

- ☐ NYS စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးရုံးဓာတ်ပုံ ID ကဒ်
- ☐ သက်တမ်းကုန်ဆုံးနေသော အမေရိကန် သို့မဟုတ် နိုင်ငံခြား ပတ်စပို့စ် (လွန်ခဲ့သည့် 2 နှစ် သို့မဟုတ် မပြည့်မီ ကုန်ဆုံးထားသော)
- ☐ ဓာတ်ပုံပါသည့် နိုင်ငံခြားသား ယာဉ်မောင်းလိုင်စင် (လွန်ခဲ့သည့် 2 နှစ် သို့မဟုတ် မပြည့်မီ ကုန်ဆုံးထားသော)
- ☐ ပုံစံစာရွက် I-94, I-797, I-797A, သို့မဟုတ် I-797D အပါအဝင် USCIS (လူဝင်မှုကြီးကြပ်ရေး) အချက်အလက်များ
- ☐ ITIN ခွင့်ပြုစာ (ဆိုလိုသည်မှာ သင် ITIN လက်ခံရရှိစဉ်က IRS ထံက ရရှိထားသည့်စာ)

### 1 မှတ်

- ☐ လက်ထပ်စာချုပ် သို့မဟုတ် ကွာရှင်းစာချုပ်
- ☐ နယူးယောခ့်ပြည်နယ် အတွင်းလူနာ ဓာတ်ပုံအထောက်အထား ကဒ်
- ☐ သက်တမ်းမကုန်သေးသော ပန်းခြံများနှင့် အပန်းဖြေ အဖွဲ့ဝင်ကဒ်
- ☐ နိုင်ငံခြားသား မွေးစာရင်း
- ☐ ကောင်စစ်ဝန် ID ကဒ် (သို့မဟုတ် အခြားနိုင်ငံက ထုတ်ပေး သည့် အခြား ဓာတ်ပုံ ID)
- ☐ အမေရိကန်ပြည်ထောင်စုရှိ အထက်တန်းကျောင်း၊ ကောလိပ် သို့မဟုတ် တက္ကသိုလ်မှ ဒီပလိုမာ သို့မဟုတ် အမှတ်စာရင်း
- ☐ “မှတ်ပုံတင်ရန် မဟုတ်သော” ဟု ပြောမထားသည့် စာရင်းပြင်ပရှိ ဖက်ဒရယ်၊ NYS သို့မဟုတ် ဒေသတွင်းအစိုးရက ထုတ်ပေးထားသည့် Non-photo ID
- ☐ အလုပ်ရှင်က ထုတ်ပေးထားသည့် ဓာတ်ပုံ ID ကဒ်
- ☐ 2021 ခုနှစ်၊ ဧပြီလ 19 ရက်နေ့မတိုင်ခင်က သင် ဝန်ဆောင်မှုများ လက်ခံရယူခဲ့သောသို့မဟုတ်အဖွဲ့အစည်းအစီအစဉ်များတွင်ပါဝင်ဆောင်ရွက်ခဲ့သော NYS အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုက ထုတ်ပေးသည့် ဓာတ်ပုံ ID
- ☐ စာဖြင့်ရေးသားထားသည့် အလုပ်ခန့်စာ၊ လစာချလံ သို့မဟုတ် အလုပ်ရှင်က ပေးထားသော လစာ အထောက်အထားများ



# ကျွန်ုပ်၏ အခြေချနေထိုင်မှုကို မည်သို့ သက်သေပြရမည်နည်း။

## သင်၏အခြေချနေထိုင်မှုကို သက်သေပြရန်အတွက် သင့်အနေဖြင့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အောက်ပါ စာရွက်စာတမ်းများ ပေးရမည်ဖြစ်ပြီး တစ်ခုချင်းစီတွင် သင်၏အမည်နှင့် နယူးယောခ် ပြည်နယ်တွင်း နေရပ်လိပ်စာ ပါရမည်။ စာရွက်စာတမ်း(များ)တွင် 2020 ပြည့်နှစ်၊ မတ်လ 27 ရက်မတိုင်မီနှင့် လက်ရှိအခြေချနေထိုင်သည့် အထောက်အထား ပါရှိရမည်။

- ☐ သက်တမ်းမကုန်သေးသည့် NYS ယာဉ်မောင်းလိုင်စင်များ သို့မဟုတ် NYS ယာဉ်မောင်းမဟုတ်သည့် ID သို့မဟုတ် DMV က ထုတ်ပေးသည့် NYS သင်ယူသူ ခွင့်ပြုချက် တစ်စောင်
- ☐ လက်ရှိတွင် သက်တမ်းမကုန်သေးဘဲ 2020 ၊ 2021 တွင် သက်တမ်းကုန်ဆုံးမည့် IDNYC တစ်ခု။
- ☐ ပြည်နယ် သို့မဟုတ် ဖက်ဒရယ် အခွန်တင်စာ သို့မဟုတ် အခွန်ပြန်တမ်း။ သို့မဟုတ်
- ☐ 2020 ပြည့်နှစ်၊ မတ်လ 27 ရက် ရက်စွဲပါပြီး 2021 ခုနှစ်၊ မတ်လ 19 ရက် သို့မဟုတ် ၎င်းနောက် ရက်စွဲပါသော အောက်ဖော်ပြပါ အချက်များထဲက နှစ်ချက်။
  - ☐ ရေ/မီး အသုံးစရိတ်မိတ္တူ
  - ☐ လက်ရှိ မြေငှားစာချုပ်၊ ပေါင်နှံပေးချေမှု သို့မဟုတ် ပိုင်ဆိုင်မှု အခွန် ဖော်ပြချက်
  - ☐ လစာချလံ
  - ☐ အလုပ်ခန့်စာ သို့မဟုတ် သင့်အလုပ်ရှင်က သင့်အား NYS ရှိ နေရာထိုင်ခင်းတစ်ခု ပေးထားကြောင်း ဖော်ပြထားသည့် ပေး ဆောင်မှုအသိပေးစာ
  - ☐ ဆေးဘက်ဆိုင်ရာ ဖော်ပြချက်၊ ငွေတောင်းခံလွှာ သို့မဟုတ် မှတ်တမ်း
  - ☐ အာမခံဖော်ပြချက်၊ ငွေတောင်းခံလွှာ သို့မဟုတ် မှတ်တမ်း (အိမ်ငှားများ၊ အိမ်ပိုင်ရှင်များ၊ အသက်အာမခံနှင့် မော်တော်ယာဉ် အာမခံများ အပါအဝင်)
  - ☐ ဘဏ် သို့မဟုတ် ခရက်ဒစ် ဖော်ပြချက်
  - ☐ ဂျူရီဆင့်ခေါ်စာ၊ တရားရုံးအမိန့်စာ သို့မဟုတ် NYS တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ ဥပဒေ ဆွေးနွေးပွဲတစ်ခုထံမှ အခြား စာရွက်စာတမ်းများ
  - ☐ အောက်ပါအဖွဲ့အစည်းများ ထံက သင်၏ ယခင် နှင့်/သို့မဟုတ် ယခု အခြေချနေထိုင်ကြောင်း အတည်ပြုစာ-
    - ☐ သင်လက်ရှိနေထိုင်သည့် ဂေဟာကို ဖော်ပြထားသည့် အိမ်ယာမဲ့ဂေဟာ
    - ☐ အိမ်ယာမဲ့သူများကို နေရာထိုင်ခင်း ပေးအပ်သည့် အိမ်ရာမဲ့ဝန်ဆောင်မှု ထောက်ပံ့သူ/ အကျိုးအမြတ်မယူသော သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း
    - ☐ အိမ်တွင်းအကြမ်းဖက်မှု ဝန်ဆောင်မှု ထောက်ပံ့သူ သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှု ကယ်ဆယ်ရေး ဝန်ဆောင်မှုများ ပေးသည့် NYS ရှိ အစီအစဉ်
    - ☐ 2021 ခုနှစ်၊ ဧပြီလ 19 ရက်မတိုင်မီ လျှောက်ထားသူအား ဝန်ဆောင်မှုပေးခဲ့ပြီး ၎င်း၏ နေထိုင်ရာနေရာကို သက်သေပြ ထားသည့် NYS ပရဟိတ အဖွဲ့အစည်း
  - ☐ NYCHA မှ သင့်ထံသို့ ရည်ညွှန်းပေးပို့သည့်စာ
  - ☐ သင်၏ EWF လျှောက်လွှာနှင့် ဆက်စပ်သည့် NYS အလုပ်သမားဌာနက ရရှိထားသော အထောက်အထားများမှလွဲပြီး ဖက် ဒရယ်၊ NYS သို့မဟုတ် ဒေသတွင်း အဖွဲ့အစည်းတစ်ခု (ဥပမာ- ကျောင်းခရိုင်တစ်ခု) ထံက စာရွက်စာတမ်း



# ကျွန်ုပ်၏အလုပ်အရည်အချင်းပြည့်မီမှုကိုမည်သို့ သက်သေပြရမည်နည်း။

## လျှောက်ထားသူများအနေဖြင့် ဖယ်ထားခံရသော အလုပ်သမား ရန်ပုံငွေ၏ Tier 1 ($15,600 အခွန်မဖြတ်မီ) သို့မဟုတ် Tier 2 ($3,200 အခွန်မဖြတ်မီ) အတွက် အရည်အချင်းပြည့်မီ နိုင်သည်။

### Tier 1 → 5 မှတ်လိုသည်

- သင့်အနေဖြင့် 5 မှတ်တန်တစ်ခု၊ 3- မှတ်တန်နှစ်ခု သို့မဟုတ် 3 မှတ်တန်တစ်ခု နှင့် 1 မှတ်တန် နှစ်ခု တို့ကို အသုံးပြုနိုင်သည်။

### Tier 2 → You need 3 points

- သင့်အနေဖြင့် 3 မှတ်တန်တစ်ခု သို့မဟုတ် 1 မှတ်တန် သုံးခုကို အသုံးပြုနိုင်ပါသည်။

### 5 မှတ်

- ☐ တရားဝင် ITIN နံပါတ်အသုံးပြုထားသည့် 2018 ၊ 2019 သို့မဟုတ် 2020 အတွက်အခွန်ပြန်တမ်းဖော်ပြချက်
- ☐ အလုပ်လုပ်သည့်ရက်စွဲနှင့် သင့်အနေဖြင့် အဘယ်ကြောင့် အလုပ်မရှိတော့သည့် အကြောင်းအရင်း ဖော်ပြထားသောအလုပ်ရှင်ထံက စာတစ်စောင်နှင့် အောက်ပါတို့မှ အနည်းဆုံး တစ်ခု-
  - အလုပ်ရှင်၏ စာပို့လိပ်စာနှင့် သင့်အလုပ်တည်နေရာ လိပ်စာ (NYS အတွင်း) နှင့်
  - စာပါ အချက်အလက်များကို အတည်ပြုပေးနိုင်မည့် တစုံတဦး၏ဖုန်းနံပါတ်အပါအဝင်ဆက်သွယ်ရန်အချက်အလက်များ၊ သို့မဟုတ်
  - အလုပ်ရှင်၏ အလုပ်လက်မှဲ့ အာမခံအကောင့်နံပါတ် သို့မဟုတ် ဖက်ဒရယ် အလုပ်အကိုင် အတည်ပြု နံပါတ် (FEIN)
- ☐ သင့်အနေဖြင့် အကျိုးခံစားခွင့်များ ပြည့်မီချိန်သို့မဟုတ်ဝင်ငွေဆုံးရှုံးချိန် မတိုင်ခင် 6 လမှစပြီးအနည်းဆုံး 6 ပတ်စာ လစာ ချလံ/ လုပ်ခလစာ ဖော်ပြချက်များ
- ☐ 2019 သို့မဟုတ် 2020 အခွန်နှစ်အတွက်လုပ်ခလစာသို့မဟုတ်ဝင်ငွေကိုဖော်ပြထားသည့် W2 သို့မဟုတ် 1099 ပုံစံစာရွက်
- ☐ လုပ်ခလစာခိုးယူမှု ကာကွယ်ရေး အက်ဥပဒေ (WTPA) သင့်အနေဖြင့် အကျိုးခံစားခွင့်များအတွက် အရည်အချင်းမပြည့်ခင် သို့မဟုတ်ဝင်ငွေမဆုံးရှုံးခင် 6 လအတွင်း သင့်အားအလုပ်ခန့်ထားကြောင်း ဖော်ပြထားသည့်သင်၏ အလုပ်ရှင်က သင့်ကိုငှားရမ်းစဉ်က သင့်ထံပေးထားသည့်အလုပ်ရှင်၏လုပ်ခလစာ အသိပေးချက်၊

### 3 မှတ်

- ☐ သင့်အနေဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီကြောင်း အစိုးရအေဂျင်စီထံ တင်သွင်းထားသည့် လုပ်ခလစာမပေးခြင်း သို့မဟုတ် အခြားတောင်းဆိုချက်၊ တိုင်ကြားချက်
  - 2021 ခုနှစ်၊ ဧပြီလ 19 ရက်မတိုင်ခင်က NYS တွင် အလုပ်လုပ်ကိုင်ခဲ့ခြင်း၊ နှင့်
  - သင့်အနေဖြင့် အလုပ်အကိုင်/ဝင်ငွေ မဆုံးရှုံးမီ 6 လတာကာလအတွင်း 6 ပတ်ကျော်အတွက် ရရှိသော သို့မဟုတ် ရရှိသင့်သော လုပ်ခလစာ
- ☐ ပုံမှန်တိုက်ရိုက် စပေါ်ငွေများ၊ စပေါ်ငွေများ သို့မဟုတ် အဖွဲ့အစည်းတစ်ခုမှ သို့မဟုတ် သင်နှင့်မသက်ဆိုင်သော လူပုဂ္ဂိုလ်တစ်ဦးထံမှ လွှဲအပ်သော အောက်ဖော်ပြပါကဲ့သို့သော အထောက်အထား-
  - ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုထံက ဖော်ပြချက်များ (ဥပမာ- ဘဏ်၊ ငွေချေးသမဂ္ဂ၊ ပူးပေါင်းဆောင်ရွက်ရေး)
  - ငွေသွင်းခြင်းကြောင့် ရရှိလာသည့် ပြေစာများ (ဥပမာ- Western Union, Walmart)
  - ငွေပေးချေမှုဆိုင်ရာ ငွေသွင်း/ငွေထုတ် မှတ်တမ်းများ (ဥပမာ- Zelle ၊ Venmo ၊ Cash App ၊Paypal)

# ကျွန်ုပ်၏အလုပ်အရည်အချင်းပြည့်မီမှုကိုမည်သို့ သက်သေပြရမည်နည်း။

## လျှောက်ထားသူများအနေဖြင့် ဖယ်ထားခံရသော အလုပ်သမား ရန်ပုံငွေ၏ Tier 1 ($15,600 အခွန်မဖြတ်မီ) သို့မဟုတ် Tier 2 ($3,200 အခွန်မဖြတ်မီ) အတွက် အရည်အချင်းပြည့်မီ နိုင်သည်။

### <u>Tier 1</u> → 5 မှတ်လိုသည်

- **သင့်အနေဖြင့် 5 မှတ်တန်တစ်ခု၊ 3- မှတ်တန်နှစ်ခု သို့မဟုတ် 3 မှတ်တန်တစ်ခု နှင့် 1 မှတ်တန် နှစ်ခု တို့ကို အသုံးပြုနိုင်သည်။**

### <u>Tier 2</u> → You need 3 points

- **သင့်အနေဖြင့် 3 မှတ်တန်တစ်ခု သို့မဟုတ် 1 မှတ်တန် သုံးခုကို အသုံးပြုနိုင်ပါသည်။**

**1 မှတ်**

- ☐ အလုပ်ရှင်ထုတ်ပေးထားသည့် ID တံဆိပ်ပြား
- ☐ ပို့ဆောင်ရေးအမှာစာများ၊ အလုပ်ကုန်ပို့လွှာ၊ ရောင်းချမှုပြေစာ အမှတ်များ၊ အလုပ်ရှင်များထံက လမ်းညွှန်ချက်များ သို့မဟုတ် ညွှန်ကြားချက်များနှင့် ဆက်စပ်သည့် အီးမေးလ်များ၊ စာသားမက်ဆေ့ချ်များ၊ ဆိုရှယ်မီဒီယာပို့စ်များ သို့မဟုတ် အခြား ရေးသား
- ☐ ဖော်ပြထားသည့် ဆက်သွယ်ချက်များ
  လျှောက်ထားသူနှင့် အလုပ်ရှင် သို့မဟုတ် ငှားရမ်းသည့် အဖွဲ့အစည်းတို့အကြား အလုပ်အကိုင် ဆက်သွယ်မှုတစ်ခု ရှိကြောင်း ဖော်ပြနေသည့် အီးမေးလ်များ၊ စာသားမက်ဆေ့ချ်များ၊ ဆိုရှယ်မီဒီယာပို့စ်များ သို့မဟုတ် အခြား ရေးသားဖော်ပြထားသည့် ဆက်သွယ်ချက်များ
- ☐ ထပ်ခါထပ်ခါ ငွေသွင်းသည့် အထောက်အထားများ နှင့်/သို့မဟုတ် အောက်ဖော်ပြပါကဲ့သို့သော ဝင်ငွေနှင့်သက်ဆိုင်သည့် ငွေလွှဲလုပ်ငန်းများ-
  - ဘဏ်ရှင်းတမ်း
  - ငွေသွင်းခြင်းအတွက် ငွေလက်ခံပြေစာများ
  - ငွေပေးချေသည့် အက်ပ်တစ်ခုမှငွေအသွင်း/အထုတ် မှတ်တမ်းများ
- ☐ အောက်ဖော်ပြပါ စာရွက်စာတမ်းများ အပါအဝင် အလုပ်ရှင်က အလုပ်သမားထံ ထုတ်ပေးထားသော စာရွက်စာတမ်းများ သို့မဟုတ် ပစ္စည်းများ-
  - အလုပ်ရှင်၏ စာပို့လိပ်စာ သို့မဟုတ်
  - အလုပ်ရှင်၏ NYS အလုပ်လက်မဲ့အာမခံ အကောင့် နံပါတ် သို့မဟုတ် ဖက်ဒရယ် အလုပ်အကိုင် အတည်ပြုနံပါတ် (FEIN) သို့မဟုတ်
  - အလုပ်ရှင်၏ ကိုယ်စားလှယ်၏ ဖုန်းနံပါတ်တစ်ခု အပါအဝင် ဆက်သွယ်ရန် အချက်အလက်များ
- ☐ အောက်ပါစာရွက်စာတမ်းများ ကဲ့သို့သော အလုပ်ခွင်နေရာ အသွား/အပြန်ကိုပြနေသည့် ပြေစာများ သို့မဟုတ် မှတ်တမ်းများ-
  - လမ်း၊ တံတား ဖြတ်သန်းမှတ်တမ်းများ
  - ပါကင် ပြေစာများ
  - အများသုံးသယ်ယူပို့ဆောင်ရေး မှတ်တမ်းများ
- ☐ 2021 ခုနှစ်၊ ဧပြီလ 19 ရက်မတိုင်မီ 6 လတာ ကာလအတွင်း အနည်းဆုံး 6 ပတ်အတွက် သင်အလုပ်လုပ်ကြောင်း တိုက်ရိုက် သိရှိထားသည့် ပရဟိတ အဖွဲ့အစည်းတစ်ခုက ထုတ်ပေးသည့် သင်၏ အလုပ်အကိုင်မှတ်တမ်းကို သက်သေပြသည့်စာ



မှတ်ချက်-သင်၏အလုပ်အရည်အချင်း ပြည့်မီမှုကို အတည်ပြုရန်အတွက် သင့်အနေဖြင့်သတ်မှတ် အမျိုးအစားတစ်ခုစီအတွက် စာရွက်စာတမ်းတစ်စောင်သို့မဟုတ် စာရွက်စာတမ်းအစုံလိုက်ကို ပေးနိုင်ပါသည်။စာရွက်စာတမ်း သို့မဟုတ် စာရွက်စာတမ်း အစုံလိုက်ကိုတစ်ကြိမ်ထက်ပိုပြီး ရေတွက်မည်မဟုတ်ပါ။ စာရွက်စာတမ်း အစုံလိုက်ဆိုသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်- သင့်အနေဖြင့် သင်အလုပ်ရှင်နှင့်အလုပ် အဆက်အသွယ်ရှိကြောင်းပြရန်စာသားမက်ဆေ့ချ် *7* ခုနှင့် အီးမေးလ်တစ်ခုကိုပေးထားပါက စာရွက်စာတမ်း *8* ခုလုံး အတွက် *1* မှတ်သာ ရရှိမည်ဖြစ်သည်အကြောင်းမှာ ၎င်းတို့သည့်သတ်မှတ်အမျိုးအစား တစ်ခုတည်းအောက်တွင်အကျုံးဝင်သည့်အတွက်ကြောင့် ဖြစ်သည်။

# လျှောက်ထားပြီးပါကဘာဆက်ဖြစ်မည်နည်း။

## ကျွန်ုပ်၏လျှောက်လွှာကို တင်သွင်းပြီးနောက် ကျွန်ုပ်က ဘာများ မျှော်လင့်ထားနိုင်သနည်း။

လျှောက်လွှာတင်သွင်းပြီးပါက သင့်အနေဖြင့် Claim ID တစ်ခု ကို လက်ခံရရှိသွားမည် ဖြစ်သည်။ အဆိုပါကုဒ်ကို နောင်လာမည့် ကိစ္စရပ်များအတွက် သိမ်းထားပါ။ DOL အနေဖြင့် သင့်လျှောက်လွှာကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်

- နောက်ထပ်အချက်အလက် သို့မဟုတ် ပြင်ဆင်စရာ လိုအပ်လာပါက သင့်အကောင့်ထဲသို့ ဝင်ရောက်ရန် အကြံပြုထားသည့် လင့်ခ် တစ်ခုကို သင့်ထံ စာသားမက်ဆေ့ချ် သို့မဟုတ် အီးမေးလ်ကို DOL က ပေးပို့သွားမည်ဖြစ်သည်။
- ဝင်ရောက်ပြီးသည်နှင့် တပြိုင်နက် မည်သည့် စာရွက်စာတမ်းကို ပြင်ဆင်ရန် လိုအပ်သည် သို့မဟုတ် ပြန်လည်တင်သွင်းရန်နှင့် အဘယ်ကြောင့် လိုအပ်ကြောင်းကို ကြည့်ရန်အတွက် ညွှန်ကြားချက် များကို လိုက်နာပါ။
- ထိုသို့ပြုလုပ်ရန်အတွက် အီးမေးလ် သို့မဟုတ် စာသား အသိပေးချက်ကို လက်ခံရရှိသည့်ရက်မှ ပြက္ခဒိန်ရက် 7 ရက် အချိန်ရပါသည်။
- ပေထားသည့်ကာလအတွင်း တုံ့ပြန်ချက်ကို လက်ခံရရှိမှု မရှိပါက ရရှိနိုင်သော အချက်အလက်များ အပေါ်မူတည်ပြီး ဆုံးဖြတ်ချက် တစ်ခု လုပ်ဆောင်သွားမည် ဖြစ်သည်။
- သင့်လျှောက်လွှာအား ဆုံးဖြတ်မှု လုပ်ဆောင်ပြီးသည် နှင့် တပြိုင်နက် DOL အနေဖြင့် သင့်လျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း သင်သိနိုင်ရန် DOL က စာသားမက်ဆေ့ချ် သို့မဟုတ် အီးမေးလ်တစ်စောင် ပေးပို့သွားမည် ဖြစ်သည်။
- လျှောက်လွှာတင်သည့် ရက်မှစပြီး ရန်ပုံငွေ စီမံခန့်ခွဲရေးမှူးများက သုံးသပ်ချက် လုပ်ဆောင်သွား မည်ဖြစ်ပြီး ခန့်မှန်းခြေ ရက်သတ္တပတ် ခြောက်ပတ်မှ ရှစ်ပတ်ထိ ကြာမြင့်မည်ဖြစ်သည်။

## DOL က ကျွန်ုပ်ထံမည်သို့ဆက်သွယ်မည်နည်း။

- 833-586- 1144 (ခေါ်ဆိုမှုအခမဲ့) မှ စာသား မက်ဆေ့ချ် ပေးပို့သွားမည်ဖြစ်သည်။ သင့်ဖုန်းသို့ ပေးပို့သည့် နံပါတ် သို့မဟုတ် အီးမေးလ်ကို သိမ်းထားပါ။
- EWF@labor.ny.gov မှ အီးမေးအသိပေးချက် ပေးပို့မည်ဖြစ်သည်။
- နောက်ထပ်အချက်အလက် လိုအပ်ပါက လျှောက်ထားသူများအနေဖြင့် EWF ကိုယ်စားလှယ်ထံ မှ ဖုန်းခေါ်ဆိုမှုတစ်ခု လက်ခံရရှိမည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် သင့်အား 877-393-4697 ဖြင့်သာ ခေါ်ဆိုမည်ဖြစ်သည်။
- DOL က လာခြင်းမဟုတ်သည့် ဆက်သွယ်မှုများကို သတိထားပါ။

## ကျွန်ုပ်၏ စာရွက်စာတမ်းများကို DOL က ပယ်ချပါက မည်သို့ဖြစ်မည်နည်း။

- သင့်လျှောက်လွှာတွင် ပြဿနာ တစ်စုံတစ်ရာရှိကြောင်း DOL က သတ်မှတ်ပါက DOL ထံက စာသား မက်ဆေ့ချ် သို့မဟုတ် အီးမေးလ် လက်ခံရရှိ မည်ဖြစ်ပြီး အဆိုပါပြဿနာကို ဖြေရှင်းရန်အတွက် ပြက္ခဒိန်ရက် 7 ရက် အချိန်ရမည်ဖြစ်သည်။
- DOL က ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးပါက သင့်အနေဖြင့် စာသားမက်ဆေ့ချ် သို့မဟုတ် အီးမေးလ်တစ်စောင်ကိုလက်ခံရရှိမည်ဖြစ်သည် (သင့်လျှောက်လွှာအားလက်ခံကြောင်းသို့မဟုတ်ငြင်းပယ်ကြောင်း)

## DOL က ကျွန်ုပ်၏လျှောက်လွှာကို ငြင်းပယ်ပါက သို့မဟုတ်ကျွန်ုပ်အား Tier 1 အစား Tier 2 ပေးပါက မည်သို့ဖြစ်မည်နည်း။

အကျိုးခံစားခွင့်ငြင်းပယ်ခံရသူများ သို့မဟုတ် DOL ၏ ဆုံးဖြတ်ချက်ကို သဘောမတူသူများအနေဖြင့် အယူခံဝင်ခွင့် ရှိပါသည်။

- DOL က ဆုံးဖြတ်ချက်ချသည့်အခါ သို့မဟုတ် သင့်လျှောက်လွှာတွင် ပြဿနာ တစ်စုံတစ်ရာရှိကြောင်း သတ်မှတ်သည့်အခါ သင့်အနေဖြင့် DOL ထံမှ စာသားမက်ဆေ့ချ် သို့မဟုတ် အီးမေးလ်တစ်ခု လက်ခံရရှိမည်ဖြစ်သည်။
- လျှောက်ထားသူများအနေဖြင့် ဆုံးဖြတ်ချက် နောက်ဆုံးအဆင့်မရောက်မီ အယူခံဝင်ရောက်ရန် အတွက် အယူခံဝင် ခလုတ်ကို ရွေးရန် ပြက္ခဒိန်ရက် 7 ရက် အချိန်ရပါသည်။
- သင်အယူခံဝင်လိုက်ပြီ ဆိုသည်နှင့်တပြိုင်နက် DOL အနေဖြင့်သင့်လျှောက်လွှာအားပြန်လည်သုံးသပ်ခြင်းကို အရှိန်မြင့် လုပ်ဆောင်မည်ဖြစ်သည်။
- နောက်ထပ်အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများပေးရန် တောင်းခံကြောင်းနှင့် အဆိုပါအသိပေးချက် ရရှိသည့်ရက်မှ ပြက္ခဒိန်ရက် 7 ရက်အတွင်း အဆိုပါ တောင်းဆိုထားသည့် အရာများ ပေးရန်အသိပေးချက်ကို သင်က လက်ခံရရှိမည် ဖြစ်သည်။
- ပေးထားသည့် ကာလအတွင်း သင့်ထံမှ တုံ့ပြန်ချက်ကို DOL ဘက်က မရရှိပါက သူတို့တွင်ရှိသည့် အချက်အလက်များကို အခြေခံပြီး အယူခံဝင်ခြင်း အပေါ် ဆုံးဖြတ်ချက်တစ်ခု ချမှတ်သွားမည်ဖြစ်သည်။
- DOL အနေဖြင့် သုံးသပ်ရေးလုပ်ငန်းစဉ် လုပ်ဆောင် ပြီးပါက သင့်အယူခံကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း သိစေရန် သင့်ထံသို့ စာသားမက်ဆေ့ချ် သို့မဟုတ် အီးမေးလ်တစ်စောင် ပေးပို့မည်ဖြစ်သည်။ အယူခံဝင်သည့် လုပ်ငန်းစဉ်မှာရက်သတ္တပတ်သုံးပတ်ထိကြာမြင့်နိုင်ပါသည်။နောက်ဆက်တွဲ အချက်အလက်များ လိုအပ်ပါက ထိုထက်ပိုကြာနိုင်ပါသည်။

# သင့်အလုပ်ရှင်နှင့် ပြောဆိုဆွေးနွေးခြင်း

**မေး- ကျွန်ုပ်၏အလုပ်ရှင်ထံ မည်သို့တောင်းဆိုသင့်သနည်း။**
ဖြေ-ဖယ်ထားခံရသော အလုပ်သမား ရန်ပုံငွေအနေဖြင့် ကပ်ရောဂါ ကာလအတွင်း အလုပ်အကိုင် ဆုံးရှုံးခဲ့ရသော်လည်း ပုံမှန် သို့မဟုတ် ကပ်ရောဂါ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များ အတွက် အကျုံးမဝင် သူများကို တစ်ကြိမ်ထောက်ပံ့ခြင်း ဖြစ်သည်။
ကျွန်ုပ်အနေဖြင့် အကျုံးဝင်ကြောင်း ယုံကြည်ပါသည်၊ ကပ်ရောဂါမတိုင်မီ ကျွန်ုပ်၏အလုပ်အကြောင်း သက်သေပြထားသည့် သင်၏စာနှင့် ကပ်ရောဂါအတွင်း ကျွန်ုပ်၏အလုပ်ကို ဆုံးရှုံးခဲ့ရကြောင်းသို့မဟုတ် အလုပ်ချိန်လျှော့ချခံရကြောင်းကိုဖော်ပြခြင်းအားဖြင့် ကျွန်ုပ်၏အကျုံးဝင်မှုကိုပြသမည်ဖြစ်သည်။ကျေးဇူးပြုပြီးအဆိုပါ စာကို ကျွန်ုပ်အား ပေးနိုင်ပါမည်လား။

**မေး- စာတွင် မည်သည်တို့ပါဖို့လိုသနည်း။**
ဖြေ- စာက တိုနိုင်ပါသည်။ ၎င်းတွင် အောက်ပါတို့ ပါဝင်သင့်သည်-

- သင့်စီးပွားရေးလုပ်ငန်း၏ အမည်နှင့် တည်နေရာ၊ ကျွန်ုပ်အလုပ်လုပ်သည့် အလုပ်နေရပ်လိပ်စာ နှင့်/သို့မဟုတ် ဖုန်းနံပါတ်အပါအဝင် သင်၏ ဆက်သွယ်ရန် အချက်အလက်
- ကျွန်ုပ်က သင့်အတွက် အလုပ်လုပ်ကြောင်းထောက်ခံချက်
- ကျွန်ုပ်၏ အလုပ်အကိုင် စတင်သည့်ရက်စွဲနှင့် ကုန်ဆုံးသည့်ရက်စွဲ
- ကျွန်ုပ်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် အလုပ်အကိုင် ဆုံးရှုံးလိုက်ရကြောင်း သို့မဟုတ် အလုပ်ချိန်နာရီ လျော့နည်းသွားကြောင်းဖော်ပြသည့်စာကြောင်းတစ်ကြောင်းမှ နှစ်ကြောင်း

**မေး- ယခုစာစောင်ကို မည်သူကကြည့်ရှုမည်နည်း။**
ဖြေ- အလုပ်သမားဌာနအနေဖြင့် ရန်ပုံငွေအတွက် ကျွန်ုပ်၏ အကျုံးဝင်မှုကို အတည်ပြုရေးအတွက် ယခုစာကို အသုံးပြု သွားမည်ဖြစ်ပါသည် သို့မဟုတ် မြို့တော်၊ ပြည်နယ် သို့မဟုတ် ဖက်ဒရယ်အေဂျင်စီများနှင့် အချက်အလက်များ မျှဝေသွားမည် မဟုတ်ပါ

**မေး- ယခုစာစောင်ကို မည်သည့်အချိန်မှာသင် လိုအပ်သနည်း။**
ဖြေ- ဖြစ်နိုင်ပါက အမြန်ဆုံးဖြစ်ပါသည်။ DOL အနေဖြင့် အများပြည်သူအတွက် လျှောက်လွှာဖွင့်ပေးထားပြီး ရန်ပုံငွေ ကုန်ဆုံးသည်နှင့် တပြိုင်နက် လျှောက်လွှာကို ပိတ်မည်ဖြစ်သည်။

**မေး- ဒါက ကျွန်ုပ်၏အလုပ်လက်မဲ့ အတွေ့အကြုံ အဆင့်ကို ထိခိုက်စေနိုင်သလား သို့မဟုတ်လစာစာရင်းစစ်ကို ဖြစ်လာစေနိုင်သလား။**
ဖြေ- မဖြစ်စေနိုင်ပါ။ ယခုအစီအစဉ်သည် ပြည်နယ်၏ အလုပ်လက်မဲ့ အာမခံအကျိုးခံစားခွင့် အစီအစဉ်နှင့် လုံးဝ သီးခြားဖြစ်ပြီး အလုပ်လက်မဲ့ဖြစ်မှုအတွက် သင်ပေးဆောင်ရသော အခွန်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်စေမည် မဟုတ်ပါ။

**မေး- ယခုစာကို ရေးပေးရသည်ကိုသက်သောင့်သက်သာ မခံစားရသလို ဖြစ်နေပါသည်။ သင်ကဒါကိုလျှောက်ထားဖို့ တကယ်လိုအပ်ပါသလား။**
ဖြေ- ကျွန်ုပ်၏ အလုပ်ရှင်ဟောင်းအဖြစ် သင့်ထံက ယခုစာ ရယူခြင်းသည် အကျိုးခံစားခွင့်ပမာဏ အများဆုံးရရှိနိုင်သည့် အသေချာဆုံးသောနည်းလမ်းထဲက တစ်ခုဖြစ်ပါသည်။ လျှောက်ထားရန် အခြားနည်းလမ်းများ ရှိသော်လည်းသူတို့ဘက်ကလစာချလ်၊ W2 ဖော်ပြချက် စသည့် အချက်အလက်များကို ပိုပြီးလိုအပ်ပါသည်။
ကံမကောင်းစွာပင် ကျွန်ုပ်မှာ အဆိုပါအချက်အလက်များ မရှိနေပါ။ ကျွန်ုပ်၏မိသားစုအနေဖြင့် ကပ်ရောဂါကာလအတွင်း ရုန်းကန်လှုပ်ရှားနေရပြီး ယခုရန်ပုံငွေကို ရရှိပါက ယခုလို ခက်ခဲသည့်အချိန်ကို ကြီးမားစွာ အကူအညီဖြစ်စေမည် ဖြစ်ပါသည်၊ ကျေးဇူးပြုပြီး ကျွန်ုပ်တို့စားပွဲပေါ်တွင် အစားအစာ များရှိအောင်၊ ကိုယ့်ခြေထောက်ဖြင့် ရပ်တည်နိုင်အောင်ကူညီပေးပါ။

**မေး- ယခုစာကို ရေးပေးခြင်းနောက်နောက်ဆက်တွဲ ကိစ္စရပ်များ ရင်မဆိုင်ရဟု သင်မည်သို့အာမခံနိုင်သနည်း။**
ဖြေ- နယူးယောခ့်ပြည်နယ် အလုပ်သမားဌာနအနေဖြင့်အဆိုပါကိစ္စနှင့် ပတ်သက်ပြီး၎င်း၏ဝက်ဘ်ဆိုဒ်တွင်ရှင်းလင်းစွာပြောဆိုပြီး ဖြစ်ပါသည်။
"အလုပ်ရှင်များထံမှ ရရှိလာသော စာရွက်စာတမ်းများ အပါအဝင် DOL သို့ တင်သွင်းလာသည့် စာရွက်စာတမ်းများ သည် ဖယ်ထားခံရသော အလုပ်သမားများ ရန်ပုံငွေ (EWF) လျှောက်လွှာ၏ တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူသုံး မှတ်တမ်းများ မဟုတ်ပါ၊ ၎င်းတို့ကို EWF အကျိုးခံစားခွင့် ဆိုင်ရာ စီမံခန့်ခွဲရေးအတွက်သာ ရည်ရွယ်ပြီး အသုံးပြုသွား မည်ဖြစ်သည်။ ၎င်းတို့အား US လူဝင်မှုကြီးကြပ်ရေး အကောက်ခွန် စိုးမိုးရေး (ICE) အပါအဝင် အခြားအစိုးရ အေဂျင်စီများသို့ ထုတ်ဖော်ပြောဆိုခြင်းကို တင်းကြပ်စွာ တားမြစ်ထားပြီး တရားရုံးအမိန့် သို့မဟုတ် တရားရေးရာ အမိန့်အရ လုပ်ဆောင်ရန် လိုအပ်ခြင်းမှ အပလျှောက်လွှာတင်သည့် လုပ်ငန်းစဉ်မှလွဲပြီး မည်သည့်အတွက်မျှ အသုံးပြုမည် မဟုတ်ပါ။

# EXCLUDED WORKERS FUND WORK ELIGIBILITY LETTER

The Excluded Workers Fund (EWF) provides financial help to New Yorkers who lost income during the COVID-19 pandemic and were left out of various federal relief programs, including unemployment and pandemic benefits.

To receive funds, applicants must provide a number of documents to verify their identity, residency, and work eligibility. Each document submitted to prove work eligibility has a point value.

- To qualify for the **Tier 1** amount of $15,600 (minus taxes), applicants need to establish a minimum of **5 points**.
- To qualify for the **Tier 2** amount of $3,200 (minus taxes), applicants need to establish a minimum of **3 points**.

The successful completion of this letter is worth **5 points**.

**Applicant Name:** ______________________________
*First Name, Last Name*

**Employment Start Date:** ____________
*MM/DD/YYYY*

**Date applicant lost employment or work hours for COVID-related reasons:** ____________
*MM/DD/YYYY (Date should be between March 2020 and April 2021)*

**Reason for loss of work:** ______________________________

______________________________

______________________________

______________________________

## EMPLOYERS ARE REQUIRED TO SUBMIT **ONE** OF THE FOLLOWING:

**A.** The employer's mailing address* and the address of the site(s), within New York State, at which the applicant was employed; **or**
**Self-employed workers should use their own mailing address.*

*Mailing Address*

*Address of Work Site(s)*

**B.** The employer's New York State Unemployment Insurance account number or Federal Employment Identification Number (FEIN); **or**

☐ FEIN
☐ UI ACCT
*Select One*

*ID Number*

**C.** Contact information, including a phone number, for a representative of such employer who can verify the contents of the letter. (In selecting this option, a DOL representative may contact you, but only to confirm the information submitted here.)

*Contact First & Last Name, Title, Phone Number and/or E-mail*

**Note to employers:** This letter can be filled out and submitted by self-employed applicants. Additionally, documents submitted to the DOL as part of the EWF application, including those from employers, are not public records and will be used for the sole purpose of EWF benefits administration. Disclosure of such to any other government agencies, including U.S. Immigration Customs Enforcement (ICE), is strictly prohibited by law for any purpose other than processing the application, unless expressly authorized by the individual applicant or legally required to do so pursuant to a lawful court order or judicial warrant. Submitting this letter will not impact an employer's unemployment insurance experience rating or contribution rate.

For more information on the Excluded Workers Fund, including eligibility requirements, visit **dol.ny.gov/ewf**.

# အရင်းအမြစ် (NYC)

## EWF အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် အပ်ဒိတ်ပ်အတွက် fundexcludedworkers.org သို့မဟုတ် dol.ny.gov/EWFApply တွင် ဝင်ရောက်လေ့လာပါ။ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။

## အကူအညီရယူနိုင်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းများ ထံသို့လည်း ဆက်သွယ်နိုင်ပါသည်-

**Bronx**

BronxWorks
ဘာသာစကားများ-အာရာဘစ်၊ ဘင်္ဂါလီ၊ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ အူရဒူ
646-393-4000

Emerald Isle လူဝင်မှုကြီးကြပ်ရေးစင်တာ
ဘာသာစကားများ-အင်္ဂလိပ်၊ စပိန်၊ တိဘက်၊
718-478-5502

ဧဖြေရှင်းမှု အစိတ်အပိုင်း
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
718-220-4892 x 141

**Brooklyn**

ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများ အကယ်ဒမီ (AMPHS)
ဘာသာစကားများ- အာရာဘစ်၊ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဟေတီခရီးယိုး၊ စပိန်
212-256-9036

Carroll Gardens အဖွဲ့
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်၊ တကားလော့
718-243-9301

Mixteca
ဘာသာစကားများ- စပိန်
718-965-4795

**Manhattan**

အာဖရိကန် ဝန်ဆောင်မှုများ ကော်မတီ
ဘာသာစကားများ- 35 နေးတစ် အာဖရိကန် ဘာသာစကားများ၊ အာရာဘစ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဟေတီခရီးယိုး၊ စပိန်
212-222-3882

**Manhattan**

NYC Cabrini ရွှေ့ပြောင်းနေထိုင်သူ ဝန်ဆောင်မှုများ
ဘာသာစကားများ- တရုတ်၊ အင်္ဂလိပ်၊ စပိန်
212-791-4590

ကက်သလစ် ကူညီရေးအသင်းအဖွဲ့များ
ဘာသာစကားများ- ဘင်္ဂလား၊ အင်္ဂလိပ်၊ ဟင်ဒီ၊ စပိန်၊ ဘာသာပြန်ဝန်ဆောင်မှုများ
347-391-5785

တရုတ်-အမေရိကန် စီမံကိန်းကောင်စီ
ဘာသာစကားများ- တရုတ် ကန်တုံ၊ တရုတ် ဖူဂျန်း၊ တရုတ် မန်ဒရင်း၊ အင်္ဂလိပ်၊ စပိန်
718-358-8899

LatinoJustice PRLDEF (နယူးယော့ခ် မြို့တော်)
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
212-219-3360

မြောက်ပိုင်း မန်ဟက်တန် တိုးတက်ရေးအဖွဲ့
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
212-822-8300

လမ်းဘေး ရောင်း/ဝယ်ရေး ပရောဂျက်၊ မြို့ပြ တရားမျှတမှု စင်တာ
ဘာသာစကားများ- အာရာဘစ်၊ ဘင်္ဂါလီ၊ တရုတ်၊ အင်္ဂလိပ်၊ စပိန်၊ Wolof
646-602-5600

The Door - အခြားနည်းလမ်းများအတွက် စင်တာ
ဘာသာစကားများ- အင်္ဂလိပ်၊ ပြင်သစ်၊ ပြင်သစ် ခရီးယိုး၊ စပိန်၊ ဘာသာပြန် ဝန်ဆောင်မှုများ
212-941-9090

**Queens**

Emerald Isle လူဝင်မှုကြီးကြပ်ရေးစင်တာ
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်၊ တိဘက်
718-478-5502

ကိုရီးယား-အမေရိကန် မိသားစု ဝန်ဆောင်မှု စင်တာ
ဘာသာစကားများ- အင်္ဂလိပ်၊ ကိုရီးယား
718-460-3800

Metropolitan NY ၏ ကိုရီးယား အသင်းအဖွဲ့ ဝန်ဆောင်မှုများ
ဘာသာစကားများ- တရုတ်၊ အင်္ဂလိပ်၊ ကိုရီးယား၊ စပိန်
646-389-6392

ရွှေ့ပြောင်းနေထိုင်သူ အသင်းအဖွဲ့အသစ်အား မြှင့်တင်ပေးခြင်း
ဘာသာစကား- အင်္ဂလိပ်၊ စပိန်
718-205-1687

Sunnyside အသင်းအဖွဲ့ ဝန်ဆောင်မှုများ
ဘာသာစကား- အင်္ဂလိပ်၊ စပိန်
718-784-6173

တိုးတက်ရေးအတွက် ဟေတီအမေရိကန် ပေါင်းစည်းရေးအဖွဲ့ (HAUP)
ဘာသာစကား- အင်္ဂလိပ်၊ ပြင်သစ်၊ ဟေတီခရီးယိုး
718-527-3776

**Staten Island**

Project Hospitality (ပရောဂျက် ဧည့်ဝတ်ကျေပွန်ခြင်း)
ဘာသာစကားများ- အာရေဘစ်၊အင်္ဂလိပ်၊ပြင်သစ်၊ ရုရှား၊ စပိန်
718-448-1544

This resource guide is supported by: New York State Department of Health

# အရှင်းအမြစ် (Long Island)

## EWF အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် အပ်ဒိတ်ပ်အတွက် fundexcludedworkers.org သို့မဟုတ် dol.ny.gov/EWFApply တွင် ဝင်ရောက်လေ့လာပါ။ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။

## အကူအညီရယူနိုင်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းများ ထံသို့လည်း ဆက်သွယ်နိုင်ပါသည်-

**Long Island**
SEPA Mujer
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
110 N. Ocean Avenue
Patchogue, NY 11772
631-980-2555

Centro Corazon de Maria
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
31 E. Montauk Highway
Hampton Bays, NY 11946
631-728-5558

# အရင်းအမြစ် (Hudson Valley)

## EWF အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် အပ်ဒိတ်ပ်အတွက် fundexcludedworkers.org သို့မဟုတ် dol.ny.gov/EWFApply တွင် ဝင်ရောက်လေ့လာပါ။ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။

## အကူအညီရယူနိုင်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းများ ထံသို့လည်း ဆက်သွယ်နိုင်ပါသည်-

**Hudson Valley**
အသင်းအဖွဲ့ အရင်းအမြစ် စင်တာ
ဘာသာစကားများ- စပိန်၊ ပေါ်တူဂီ၊ အင်္ဂလိပ်
914-835-1512

Neighbors Link
ဘာသာစကားများ- အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ အူရဒူ၊ ဘာသာပြန် ဝန်ဆောင်မှုများ
914-666-3410

Rural & Migrant Ministry
(ကျေးလက်နှင့် ရွှေ့ပြောင်းနေထိုင်သူများ ဝန်ကြီးဌာန)
ဘာသာစကား- စပိန်၊ မီစတက်ကို၊ အင်္ဂလိပ်
845-485-8627

အလုပ်သမား တရားမျှတရေး စင်တာ
ဘာသာစကားများ- စပိန်၊ အင်္ဂလိပ်၊ ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်သည်
845-331-6615

ကက်သလစ် ပရဟိတ အသင်းအဖွဲ့ဝန်ဆောင်မှုများ၊ နယူးယော့ခ် Archdiocese
ဘာသာစကားများ- ဘင်္ဂလား၊ အင်္ဂလိပ်၊ ဟင်ဒီ၊ စပိန်၊ ဘာသာပြန်ဝန်ဆောင်မှုများ ရရှိနိုင်သည်
347-391-5785

Rockland ကက်သလစ် ပရဟိတ အသင်းအဖွဲ့ဝန်ဆောင်မှုများ Inc.
ဘာသာစကားများ- အင်္ဂလိပ်၊ ပြင်သစ်၊ ဟေတီခရီးယိုး၊ စပိန်
845-942-5791

NYIC
This resource guide is supported by: New York State Department of Health

# အရှင်းအမြစ် (Central New York)

## EWF အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် အပ်ဒိတ်ပ်အတွက် fundexcludedworkers.org သို့မဟုတ် dol.ny.gov/EWFApply တွင် ဝင်ရောက်လေ့လာပါ။ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။

## အကူအညီရယူနိုင်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းများ ထံသို့လည်း ဆက်သွယ်နိုင်ပါသည်-

**Central New York**

Central New York အလုပ်သမားစင်တာ
ဘာသာစကားများ- စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်
2013 East Genesee Street
Syracuse, NY 13210
315-218-5708

Salvation Army Syracuse Area Service
ဘာသာစကားများ- အင်္ဂလိပ်၊ စပိန်
200 Twin Oaks Drive
Syracuse, NY 13206
315-475-1688

Huntington မိသားစုများစင်တာ Inc.
ဘာသာစကားများ- အင်္ဂလိပ်
405 Gilford Street
Syracuse, NY 13204
315-476-3157

**Finger Lakes/Southern Tier**

Tompkins County Workers' Center
ဘာသာစကားများ- တရုတ်၊ အင်္ဂလိပ်၊ စပိန်
115 E. Martin Luther King Jr. St. / The Commons
Ithaca, NY 14850
607-269-0409

Catholic Charities of Tompkins and Tioga
ဘာသာစကားများ: ဟေတီခရီးယိုး၊ စပိန်၊ အင်္ဂလိပ်၊ ကရင်၊ ဗမာ
324 West Buffalo Street
Ithaca NY 14850
607-272-5062

Aim Independent Living Center
ဘာသာစကားများ: အမေရိကန်လက်သင်္ကေတပြဘာသာစကား (ASL)၊ အင်္ဂလိပ်၊ ဘာသာပြန် ဝ န်ဆောင်မှုများ
271 East First Street
Corning, NY 14830
607-906-8225

This resource guide is supported by: New York State Department of Health

# အရင်းအမြစ် (Western New York)

## EWF အကောင်အထည်ဖော်ဆောင်ခြင်းဆိုင်ရာ နောက်ထပ် အချက်အလက်များနှင့် အပ်ဒိတ်ပ်အတွက် fundexcludedworkers.org သို့မဟုတ် dol.ny.gov/EWFApply တွင် ဝင်ရောက်လေ့လာပါ။ အချက်အလက်များကို ဘာသာစကားများစွာဖြင့် ရရှိနိုင်ပါသည်။

## အကူအညီရယူနိုင်ရန် အောက်ဖော်ပြပါ အဖွဲ့အစည်းများ ထံသို့လည်း ဆက်သွယ်နိုင်ပါသည်-

**Western New York**

ACCESS of WNY
ဘာသာစကားများ- အာရေဘစ်၊အင်္ဂလိပ်
609 Ridge Road, 2nd Fl
Buffalo, NY 14218
716-332-5901

ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အနောက်တိုင်း နယူးယော့ခ် ကောင်စီ
ဘာသာစကား- အင်္ဂလိပ်
2495 Main St #438
Buffalo, NY 14214
716-206-2550

ရွှေ့ပြောင်းနေထိုင်သူ မိသားစုများအတွက် တရားမျှတရေး
ဘာသာစကား- စပိန်၊ အင်္ဂလိပ်
371 Delaware Ave
Buffalo, NY 14210
716-206-2550 (WNYCOSH)
info@jfmfwny.org

ကျေးလက်နှင့် ရွှေ့ပြောင်းနေထိုင်သူဆိုင်ရာ ဝန်ကြီးဌာန
ဘာသာစကား- စပိန်၊ အင်္ဂလိပ်
Liturgia ကျေးလက်အလုပ်သမား ပညာရေးစင်တာ
7 Phelps Street
Lyons, NY 14489
315-871-4031 / 845-485-8627

အလုပ်သမား တရားမျှတရေးစင်တာ
ဘာသာစကားများ- စပိန်၊ အင်္ဂလိပ်
1187 Culver Rd
Rochester, NY 14609
585-325-3050

NYIC This resource guide is supported by: New York State Department of Health